## Highlights from DVB Debate's Federal State Building Show

## February 27, 2016

## "How to build a Federal State?"

"၂၀၁၁-၁၂ လောက်က စပြီး အစိုးရရော တပ်မတော်ပါ ဖက်ဒရယ်ကို ခွဲထွက်ခြင်းလို့ မမြင်တော့ပါဘူး။ ခွဲထွက်ခြင်းသည် ဖက်ဒရယ်မဟုတ် .ဖက်ဒရယ်သည်လည်း ခွဲထွက်ခြင်းမဟုတ်ဘူး"

ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန် - ဥပဒေသိပ္ပံပါရဂူ

---

"ဘာအတွက် ဖက်ဒရယ်လဲဆိုရင် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဖက်ဒရယ်ကို စဉ်းစားလာတာပဲ"

နိုင်စံလှိုင် - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ မွန်အမျိုးသားပါတီ

---

"၂၀၀၈ဖွဲ့စည်းပုံဟာ ဖက်ဒရယ်သွားဖို့ အနှစ်သာရ အရ မပြည့်စုံဘူး။"

ဗိုလ်မှူးကြီးခွန်ဥက္ကာ - ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် နာယက

---

"၈ ပြည်နယ်ဖြစ်မှ ဖက်ဒရယ်ဆိုတာ မဟုတ်ပါဘူး"

ဒေါက်တာဆလိုင်းငွန်းကျုံးလျန် - ဥပဒေသိပ္ပံပါရဂူ

"၈ ပြည်နယ်ကို အခြေခံမယ်ပဲပြောတာ ၈ ပြည်နယ်ပဲ သွားမယ်လို့ မပြောပါဘူး။ ပြည်နယ် အခွင့်အရေး ပေးသင့်ပေးထိုက်တဲ့ ပြည်နယ်ဆို ပေးကို ပေးရမယ်"

နိုင်စံလှိုင် - ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ မွန်အမျိုးသားပါတီ

---

"အာဏာပိုင်တွေ အာဏာရှင်နဲ့ အုပ်ချုပ်သူတွေက ဖက်ဒရယ်မပေးနိုင်ဘူး၊ ပြည်ထောင်စုသားအားလုံးက ဖက်ဒရယ်ကို နားလည်ပြီး တောင်းဆိုရမယ်။ လူမျိုးပေါင်းစုံ သက်သာချောင်ချိမှု၊ နားလည်မှုဖန်တီးပေးနိုင်တာသည် ဖက်ဒရယ်ဖြစ်ပါတယ်။"

ဗိုလ်မှူးကြီးခွန်ဥက္ကာ - ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် နာယက

---

"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်အယောင်ပဲ။ ဖက်ဒရယ်ကို ဗျူဟာအနေနဲ့ပဲ သုံးပါ။ ငါးစာအနေနဲ့ မသုံးပါနဲ့"

နိုင်စံလှိုင် - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ မွန်အမျိုးသားပါတီ

---

"မျိုးနွယ်စု အင်အားငယ်လေးတွေကို အကာအကွယ်ပေးတာဟာ ဖက်ဒရယ်ဒီမိုကရေစီစနစ်လို့ ခေါ်တယ်။ မြန်မာ့ဖက်ဒရယ်ဟာ ကိုယ့် ကိုယ်တိုင်းနဲ့ချုပ်တဲ့ ဖက်ဒရယ်ပဲဖြစ်ရမယ်။ မြန်မာ့နည်းမြန်မာ့ဟန် ဖက်ဒရယ်မဟုတ်ဘူးနော် မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်တို့ဘာတို့က ကျန်ခဲ့ပြီ"

ဗိုလ်မှူးကြီးခွန်ဥက္ကာ - ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် နာယက

---